မြန်မာ
အင်္ဂလိပ်
နှစ်ဘာသာ

# တာရင်းအင်း ဝေါဟာရများ

# Glossary of Statistical Terms

The Asia Foundation
Improving Lives, Expanding Opportunities

## အကြံပြုချက်နှင့် သဘောထားမှတ်ချက်များတောင်းခံခြင်း

အာရှဖောင်ဒေးရှင်းအဖွဲ့အစည်းအနေဖြင့် ယခုပထမအကြိမ်ထုတ်ဝေသော  စာရင်းအင်း ဝေါဟာရများ၊ စကားလုံးသုံးစွဲထားပုံများ အပေါ်တွင် အကြံပြုချက်များ သဘောထားမှတ်ချက်များအား တောင်းခံအပ်ပါသည်။ လူကြီးမင်းတို့၏ အကြံပြုချက်များနှင့်အညီ ဒုတိယအကြိမ် ထုတ်ဝေမှုတွင် ထပ်မံထည့်သွင်း ထုတ်ဝေသွားမည်ဖြစ်ပြီး ဖော်ပြပါ အာရှဖောင်ဒေးရှင်း၏ အင်တာနက်စာမျက်နှာ www.asiafoundation.org တွင်လည်း ပုံမှန်မွမ်းမံပြင်ဆင်သွားမည်ဖြစ်ပါသည်။ လူကြီးမင်းများ၏ သဘောထား မှတ်ချက်ပေးသော ကူညီမှုများဖြင့်သာ ယခုပြုစုထားသော  ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုဆိုင်ရာ ဝေါဟာရအဓိပ္ပာယ်ဖွင့်ဆိုချက် စာအုပ်သည် ပိုမိုကောင်းမွန်လာစေမည်ဖြစ်ပါသည်။ လူကြီးမင်းတို့၏ သဘောထားမှတ်ချက်များကို ဖော်ပြပါ အီးမေးလ်လိပ်စာ myanmar.general@asiafoundation.org  သို့လည်းကောင်း အောက်ဖော်ပြပါ ရုံးလိပ်စာမှ တဆင့်သော်လည်းကောင်း  ပေးပို့နိုင်ပါသည်။

## Comments and Suggestions

The Asia Foundation would like to have your feedback on this first edition of the Glossary of Statistical Terms. Please let us know your comments and suggestions regarding the terms included and the wording used in the definitions, which can in turn be used to refine the next edition. Based on your feedback, we will also update the version posted on the Foundation's website: www.asiafoundation.org. With your help, this PFM Glossary can be further expanded and improved. You can send us email at myanmar.general@asiafoundation.org, or mail your feedback and suggestions to our office address below.


**The Asia Foundation**

No. 11, Ko Min Ko Chin Yeik Thar Street
West Ngar Htet Kyi Ward
Bahan Township
Yangon, Myanmar

**www.asiafoundation.org**

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 1 | Ageing Index<br>သက်ကြီးရွယ်အို အညွှန်းကိန်း | Ratio of the number of persons aged 65 years and above to the number of young persons aged under 15 years.<br>အသက် ၆၅ နှစ်နှင့် အထက် လူဦးရေနှင့် အသက် ၁၅ နှစ်အောက် လူဦးရေအချိုး | https://www.pordata.pt |
| 2 | Annual Percentage Change in Population<br>နှစ်စဉ်လူဦးရေ ပြောင်းလဲမှုရာခိုင်နှုန်း | Annual Percentage Change in Population $= \frac{(P_t - P_{(t-1)})}{P_{(t-1)}} \times 100 = (\frac{P_t}{P_{(t-1)}} - 1) \times 100$<br><br>နှစ်စဉ်လူဦးရေ ပြောင်းလဲမှု ရာခိုင်နှုန်း $= \frac{\text{နှစ် t ရှိ လူဦးရေ - နှစ် (t-1) ရှိလူဦးရေ}}{\text{နှစ် (t-1) ရှိလူဦးရေ}} \times ၁၀၀ = \left(\frac{\text{နှစ် t ရှိ လူဦးရေ}}{\text{နှစ် (t-1) ရှိလူဦးရေ}} - ၁\right) \times ၁၀၀$ | http://blogs.orgonstate.edu/ socialdemography |
| 3 | Budget<br>ဘတ်ဂျတ် | A budget is an estimation of revenue and expenses over a specified future period of time.<br>လာမည့်အချိန် ကာလအပိုင်းအခြား တစ်ခုအတွင်း ရရှိနိုင်မည့်ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းချက်အား ဘတ်ဂျတ်ဟု ခေါ်သည်။ | Ministry of Education (2018), Glossary of Monitoring and Evaluation (M&E) Terms, Australian Aid. |
| 4 | Business<br>စီးပွားရေး လုပ်ငန်း | Business is an economic activity concerned with production and distribution of goods and services with the aim to earn profit. It includes all those activities which are directly and indirectly concerned with production, purchase and sale of goods and services . So the production, marketing, advertising, warehousing, insurance, banking, etc. are all business activities.<br>စီးပွားရေးလုပ်ငန်းဆိုသည်မှာ အမြတ်ရရှိရန်ရည်ရွယ်ချက်ဖြင့် ကုန်စည်များ နှင့်ဆောင်ရွက်မှုတို့ကို ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းဆိုင်ရာ စီးပွားရေး လုပ်ဆောင်ချက်တစ်ခုဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းတွင် ကုန်စည်များနှင့် ဆောင်ရွက်မှုတို့ကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်းနှင့်ရောင်းချခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လုပ်ဆောင်ချက်များ အားလုံးပါဝင်သည်။ ထို့ကြောင့် ထုတ်လုပ်ခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ကြော်ငြာခြင်း၊ သိုလှောင်ခြင်း၊ အာမခံထားခြင်းနှင့် ဘဏ်လုပ်ငန်းစသည်တို့မှာ စီးပွားရေးလုပ်ငန်းဆိုင်ရာ လုပ်ဆောင်ချက်များ ဖြစ်ကြသည်။ | http://kalyan-city.blogspot.com |
| 5 | Case Mortality or Fatality Rate<br>ရောဂါကြောင့်သေဆုံးနှုန်း | The deaths from a disease divided by the number of persons suffering from the disease (usually expressed in percentage).<br>ရောဂါကြောင့် သေဆုံးသူဦးရေကို ရောဂါခံစားနေရသော ဦးရေဖြင့် စားခြင်း။ (ယေဘုယျအားဖြင့် ရာခိုင်နှုန်းဖြင့် ဖော်ပြ) | Hill, A.B. (1948), Principles of Medical Statistics, The Lancet Ltd. |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 6 | Child Dependency Ratio<br>ကလေးမှီခိုမှုအချိုး | The child dependency ratio is the ratio of the child population (people younger than 15 years) to the working age population (age 15-64).<br>ကလေးမှီခိုမှုအချိုး သည် ကလေးဦးရေ (အသက် ၁၅ နှစ်ထက်ငယ်သောကလေး) နှင့် အလုပ်လုပ်နိုင်သောလူဦးရေ (အသက် ၁၅ နှစ် မှ အသက် ၆၄ နှစ်အထိလူဦးရေ) အချိုးဖြစ်သည်။ | 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar, p. 262. |
| 7 | Coefficient of Variation (C.V.)<br>ကွဲလွဲမှုပြကိန်း | Relative dispersion calculated by the standard deviation as a percentage of the mean.<br>$\text{C.V.} = \frac{\text{Standard Deviation}}{\text{Mean}} \times 100$<br>စံတိမ်းချက်ကိုပျမ်းမျှခြင်း၏ ရာခိုင်နှုန်းအဖြစ်တွက်ချက်သော နှိုင်းယှဉ်ပြန့်နှံ့ချက်<br>$\text{ကွဲလွဲမှု ပြကိန်း} = \frac{\text{စံတိမ်းချက်}}{\text{ပျမ်းမျှခြင်း}} \times ၁၀၀$ | https://www.myaccountingcourse.com |
| 8 | Cohort<br>အပေါင်းပါအုပ်စု | A group of individuals who are similar in age or group membership and, presumably, experiences.<br>အလားတူ အသက်အရွယ် သို့မဟုတ်အုပ်စုအဖွဲ့ဝင်များနှင့် အတွေ့အကြုံ တူညီဖွယ်ရှိသော သူများပါဝင်သော အုပ်စု | Girden, E.R. (2001), Evaluating Research Articles, Second Edition, Sage Publications. |
| 9 | Composite Measure<br>ပေါင်းစပ်အတိုင်းအတာ | A measure with more than one parameter<br>ညွှန်ကိန်းတစ်ခုထက်ပို၍ ပေါင်းစပ်ထားသော အတိုင်းအတာ | Adler,E.S. and R. Clark (2008), How It's Done: An Invitation to Social Research,Third Edition, Thomson Wadsworth, p.489. |
| 10 | Confidence Interval<br>စိတ်ချကြားပိုင်း | A range of values within which a statistical parameter is expected to lie.<br>စာရင်းအင်းဆိုင်ရာ ညွှန်ကိန်းတစ်ခု၏ တန်ဖိုးရှိမည်ဟု မျှော်မှန်းရသော ကြားပိုင်း | https://www.stat.berkeley.edu |
| 11 | Confidence Level<br>စိတ်ချရမှုအဆင့် | The estimated probability that a statistical parameter will fall within a given confidence level<br>ပေးထားသော စိတ်ချကြားပိုင်း တစ်ခုအတွင်း စာရင်းအင်းဆိုင်ရာ ညွှန်ကိန်းတစ်ခု ကျရောက်ရန် မျှော်မှန်းဖြစ်တန်စွမ်း | https://www.statista.com |
| 12 | Continuous Variable<br>ဆက်ကိန်းရှင် | A variable of which observations are the result of a measuring process.<br>တိုင်းတာသော ဖြစ်စဉ်တစ်ခုမှ တွေ့ရှိချက်များကို ကိုယ်စားပြုသည့် ကိန်းရှင် | https://www.sciencedirect.com |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 13 | Correlation<br>ဆက်စပ်မှု | The relationship by which two or more variables change together, such that systematic changes in one accompany systematic changes in the other.<br>ကိန်းရှင်နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသောကိန်းရှင်များတွင် ကိန်းရှင်တစ်ခု၏ စနစ်တကျပြောင်းလဲမှုများသည် အခြားကိန်းရှင်တစ်ခု၏ စနစ်တကျ ပြောင်းလဲမှု များနှင့် အတူတကွဖြစ်ပေါ်သောဆက်သွယ်ချက် | Cooper, D. C. and P. S. Schindler (2006), Business Research Methods, McGraw-Hill, Ninth Edition, p. 707 |
| 14 | Cross-Sectional Data<br>အချိန်မှတ်တစ်ခုရှိ နမူနာ အချက်အလက်များ | Data which describes the activities of individual persons, firms, other units at a given point in time.<br>ပေးထားသော အချိန်မှတ်တစ်ခုရှိ လူတစ်ဦးချင်း၊ လုပ်ငန်းတစ်ခုချင်း၊ အခြား ယူနစ်တစ်ခုချင်း၏ လုပ်ဆောင်ချက်များကို ဖော်ပြသော အချက် အလက်များ | Pindyck, R.S. and D.L. Rubinfeld (1981), Econometric Models and Economic Forecasts, McGraw-Hill, p.3 |
| 15 | Crude Death Rate<br>သေနှုန်းကြမ်း | The number of deaths that took place in a given year divided by the population in the middle of that year. It is usually multiplied by 1,000.<br>နှစ်တစ်နှစ်အတွင်း သေဆုံးသူဦးရေကို ထိုနှစ်၏ နှစ်လယ်တွင်ရှိသော လူဦးရေ ဖြင့်စားပြီး ၁၀၀၀ နှင့် မြှောက်ထားသော ရလဒ်ဖြစ်သည်။ | Department of Population (2016), The 2014 Myanmar Population and Housing Census: Thematic Report on Maternal Mortality, Ministry of Immigration and Population, Myanmar. |
| 16 | Dependency Ratio<br>မှီခိုမှုအချိုး | The ratio of the non-working age population to the working age population<br>$\text{Dependency Ratio} = \dfrac{\text{Population Aged (0 to 14) + 65 and above 65 years}}{\text{Population Aged (15 - 64) years}}$<br>အလုပ်မလုပ်သော အသက်အရွယ်ရှိလူဦးရေနှင့် အလုပ်လုပ်သော အသက်အရွယ်ရှိလူဦးရေအချိုး<br>မှီခိုအချိုး = (အသက် ၁၄ နှစ်နှင့်အောက်လူဦးရေ + အသက် ၆၅ နှစ်နှင့် ၆၅ နှစ်အထက်လူဦးရေ) / (အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိလူဦးရေ) | ADB (2004), Development Indicators Reference Manual: Concepts and Definitions, p.10. |
| 17 | Development<br>ဖွံ့ဖြိုးတိုးတက်မှု | The process of improving the quality of all human lives.<br>လူသားအားလုံး၏ဘဝတို့ကိုအရည်အသွေးတိုးတက်စေသောဖြစ်စဉ် | Todaro, M.P and S.C.Smith (2003), Economic Development,Eight Editim, Pearson Education, Inc.p.792 |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 18 | Development Index<br>ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း | Established international approaches to measure human development draw on and combine dimensions of education, standards of living (household conditions and household assets), and health. The scores for the three indices are equally weighted in the composite index.<br>လူသားဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာရန်ချမှတ်ပြီးသော နိုင်ငံတကာ ချဉ်းကပ် နည်းများသည် ပညာဗဟုသုတ၊ လူနေမှု အဆင့်အတန်း(အိမ်ထောင်စု အခြေအနေများနှင့် အိမ်ထောင်စု အဖိုးတန်ပိုင်ဆိုင်ပစ္စည်းများ)နှင့် ကျန်းမာရေးရှုထောင့်များ အပေါ် ရေးဆွဲ၍ ပေါင်းစပ်ထားသည်။ ထိုညွှန်းကိန်း သုံးခုအတွက် ရမှတ်များကိုပေါင်းစပ်အညွှန်းကိန်းတွင် တူညီစွာ အလေးတင်ထားသည်။ | This is a tool developed by The Asia Foundation Myanmar based on the Oxford/UNDP established methodologies. |
| 19 | Development Period<br>ဖွံ့ဖြိုးတိုးတက်မှု ကာလ | (With respect a project) The period after the investment period when production builds up towards full development.<br>(လုပ်ငန်းစီမံချက်တစ်ခုနှင့်စပ်လျဉ်း၍) ရင်းနှီးမြှုပ်နှံမှုကာလပြီးသည့်နောက် ထုတ်လုပ်မှုကို ဖွံ့ဖြိုးတိုးတက်မှုအပြည့်အဝရရှိအောင် ဦးတည်ထုတ်လုပ်သော အချိန်ကာလ | Gittinger, J.P. (1982), Economic Analysis of Agricultural Projects, Second Edition, The Johns Hopkins University Press, p. 467 |
| 20 | Discrete Variable<br>ပြတ်ကိန်းရှင် | A variable whose observations resulted from a counting process or with definite steps.<br>ရေတွက်မှုဖြစ်စဉ်တစ်ခု သို့မဟုတ် တိကျသော အဆင့်များဖြင့်ဖြစ်ပေါ်သော တွေ့ရှိချက်များကို ကိုယ်စားပြုသော ကိန်းရှင် | https://www.stat.berkeley.edu |
| 21 | Educational Attainment<br>ပညာရေးဆိုင်ရာရရှိမှု | The highest grade/standard/diploma/degree completed within the most advanced level attended in the education system of the country where the education was received. It covers both public and private institutions accredited by the government.<br>နိုင်ငံ၏ပညာရေးစနစ်တွင်တက်ရောက်ပြီးစီးခဲ့သည့်အမြင့်ဆုံးအတန်းပညာရေးအဆင့်၊ဒီပလိုမာ၊ဘွဲ့ဒီဂရီများ လက်ခံရရှိမှုကို ဆိုလိုသည်။ယင်းတွင်အစိုးရအသိအမှတ်ပြုထားသောပြည်သူပိုင်ကျောင်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကပိုင် ကျောင်းအဖွဲ့အစည်းများအားလုံး အကျုံးဝင်သည်။ | Department of Population (2015), The 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar. |
| 22 | Employment Rate<br>အလုပ်အကိုင်ရရှိမှုနှုန်း | Percentage of total employment of the working age population (people aged between 15 and 64 years).<br>အလုပ်လုပ်သော အရွယ်ရှိလူဦးရေ (အသက်၁၅နှစ်နှင့် အသက်၆၄နှစ်အကြား) ၏ စုစုပေါင်းအလုပ်အကိုင်ရရှိမှု ရာခိုင်နှုန်းဖြစ်သည်။ | 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar, p. 262. |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 23 | Female Ageing Index<br>အမျိုးသမီး သက်ကြီးရွယ်အို အညွှန်းကိန်း | Ratio of the number of females aged 65 years and above to the number of young persons aged under 15 years.<br>အသက် ၆၅ နှစ်နှင့် အထက် အမျိုးသမီးဦးရေနှင့် အသက် ၁၅ နှစ်အောက် လူဦးရေအချိုးဖြစ်သည်။ | Preedy, V.R., Watson, R.R. (2010) Handbook of Diseae Burdens and Quality of Life Measures, p. 4140. |
| 24 | Female Dependency Ratio<br>အမျိုးသမီးမှီခိုမှုအချိုး | The ratio of non-working age female population to total working age population.<br>$\text{Dependency Ratio} = \frac{\text{Female Population Age (0 to 14) + 65 and over years}}{\text{Total Population Aged (15 - 64) years}} \times 100$<br>အလုပ်မလုပ်သောအသက်အရွယ်ရှိ အမျိုးသမီးလူဦးရေနှင့် အလုပ်လုပ်သောအသက်အရွယ်ရှိ စုစုပေါင်းလူဦးရေအချိုး<br>$\text{အမျိုးသမီးမှီခိုမှုအချိုး} = \frac{\text{အသက် ၁၄ နှစ်နှင့်အောက်အမျိုးသမီးလူဦးရေ + အသက် ၆၅ နှစ်နှင့် အထက်အမျိုးသမီးဦးရေ}}{\text{အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိ စုစုပေါင်းလူဦးရေ}} \times \text{၁၀၀}$ | |
| 25 | Frequency<br>ထပ်ကြိမ် | The number of repetitions of each category or each numerical value of a variable.<br>ကိန်းရှင်တစ်ခု၏ အမျိုးအစား တစ်ခု သို့မဟုတ် ကိန်းဂဏန်းတန်ဖိုး တစ်ခု ထပ်တလဲလဲ ဖြစ်ပေါ်သော အရေအတွက် | https://stats.oecd.org |
| 26 | Frequency Distribution<br>ထပ်ကြိမ်ပြန့်ချက် | The representation of raw data by organizing according to their categories or numerical values.<br>အချက်အလက်ကြမ်းများကို အမျိုးအစားအလိုက် သို့မဟုတ် ကိန်းဂဏန်းတန်ဖိုးများအလိုက်စုစည်းဖော်ပြခြင်း | https://stats.oecd.org |
| 27 | Gender-Based Development Index<br>ကျား/မ အခြေခံသောဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်း | The gender-based development index (GDI) measures the same variables as the development index, adjusting the average achievement in accordance with the disparity between men and women.<br>ကျား/မ အခြေခံသော ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းကဲ့သို့ တူညီသော ကိန်းရှင်များတွင် အမျိုးသားနှင့် အမျိုးသမီးများအကြား ကွာခြားမှုကို လိုက်၍ ပျမ်းမျှ ပြီးမြောက်အောင်မြင်မှုဖြင့် ညှိနိုင်းသည်။ | This is a tool developed by The Asia Foundation Myanmar based on the Oxford/UNDP established methodologies. |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 28 | Gross Domestic Product<br>စုစုပေါင်း ပြည်တွင်းထုတ်ကုန် | Gross domestic product (GDP) is the market value of all final goods and services produced within a country in a given period of time.<br>စုစုပေါင်း ပြည်တွင်းထုတ်ကုန်ဆိုသည်မှာ ပေးထားသောအချိန်ကာလတစ်ခု၌ နိုင်ငံတစ်ခုအတွင်း ထုတ်လုပ်ထားသော နောက်ဆုံးသုံး ကုန်စည်နှင့်ဝန်ဆောင်မှုများ အားလုံး၏ ဈေးကွက်ဈေးနှုန်းဖြင့် တွက်ချက်ထားသော တန်ဖိုးဖြစ်သည်။ | Mankiw, N. G., M.P. Taylor, and A. Ashwin (2011), Business Economics, CENGAGE Learning, p. 390 |
| 29 | Head of the household<br>အိမ်ထောင်ဦးစီး | Head of the household is a person mainly responsible for earning the livelihood for the household.<br>အိမ်ထောင်ဦးစီးသည် အိမ်ထောင်စုအတွက် အသက်မွေးမှုအလုပ်လုပ်ကိုင်၍ ဝင်ငွေရှာရန် အဓိကတာဝန်ရှိသူ တစ်ဦးဖြစ်သည်။ | Ministry of National Planning and Economic Development (2010), Quantitative Survey Technical Report, Integrated Household Living Conditions Survey in Myanmar, Yangon, Myanmar, p.3. |
| 30 | Household<br>အိမ်ထောင်စု | Household is a group of one or more related or unrelated persons who normally sleep and eat most of their meals together in the same dwelling unit.<br>အိမ်ထောင်စု ဆိုသည်မှာ ပုံမှန်အားဖြင့် နေထိုင်ရာ နေရာယူနစ်တစ်ခုတည်းတွင် အိပ်စက်ပြီး များသောအားဖြင့် အတူစားသောက်သည့် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ဆွေမျိုးတော်သည့် သို့မဟုတ် ဆွေမျိုး မတော်သည့် လူပုဂ္ဂိုလ်များ အုပ်စုတစ်ခု | Ministry of National Planning and Economic Development (2010), Quantitative Survey Technical Report, Integrated Household Living Conditions Survey in Myanmar, Yangon, Myanmar, p.3 |
| 31 | Improved Sanitation<br>ကောင်းမွန်သော အညစ်အကြေး သန့်ရှင်းရေးစနစ် | Unshared facilities that hygienically separate human excreta from human, animal and insect contact. It includes flush toilets; pour flush toilets with water seal, covered pit latrines with foot lid, indirect covered pit latrines and direct covered pit latrines.<br>လူ၏ ကျင်ကြီးကျင်ငယ် အညစ်အကြေးများအား လူ၊ တိရစ္ဆာန်နှင့် ပိုးမွှားတို့နှင့် မထိတွေ့စေရေးအတွက် ကျန်းမာရေးအရ သီးခြားခွဲခြားထားရှိသည့် မိမိအိမ်ထောင်စုသာ အသုံးပြုနိုင်သည့်အိမ်သာများ။ ယင်းစနစ်တွင် ရေစလုတ်ပါ ရေဆွဲနှင့် ရေလောင်းအိမ်သာ၊ ခြေတင်ခုံ အဖုံးပါတွင်းဖုံး အိမ်သာ၊ ခြေတင်ခုံ အဖုံးမပါ တွင်းလွှဲတွင်းဖုံးအိမ်သာ၊ ခြေတင်ခုံအဖုံးမပါ တွင်းဖုံးအိမ်သာများ ပါဝင်သည်။ | Ministry of National Planning and Economic Development (2007), Poverty Profile, Integrated Household Living Conditions Survey in Myanmar, Yangon, Myanmar, p.14. |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 32 | Index<br>အညွှန်းကိန်း | A composite measure that is constructed by adding scores from several indicators.<br>ညွှန်ကိန်း အများအပြားမှ ရမှတ်တို့ကို အမျိုးမျိုးပေါင်းစပ် တည်ဆောက်ထားသော အတိုင်းအတာ | Adler,E.S and R. Clark (2008), How It's Done: An Invitation to Social Research,Third Edition, Thomson Wadsworth. |
| 33 | Indicators<br>ညွှန်ကိန်းများ | Observations that we think reflect the presence or absence of the phenomenon to which a concept refers<br>အမြင်သဘောထား လုပ်နည်းလုပ်ထုံး တစ်ခုမှ ရည်ညွှန်းသော ဖြစ်ရပ်တည်ရှိမှု သို့မဟုတ် မရှိမှုကို ရောင်ပြန်ဟပ်သည်မှ ထင်မြင်ရသော တွေ့ရှိချက်များ | Adler,E.Sand R. Clark (2008),How It's Done:An Invitation to Social Research,Third Edition Thomson Wadsworth. |
| 34 | Industry<br>လုပ်ငန်းစု | An industry is a group of firms producing. A single homogeneous product and selling it in a common market. In system of National Amounts (SNA), an industry consists of a group of establishments engaged in the same or similar, kinds of activities<br>လုပ်ငန်းစုတစ်ခုသည် တူညီသော ထုတ်ကုန်တစ်ခုတည်းကို ထုတ်လုပ်ပြီး ဘုံဈေးကွက်တစ်ခုတွင် ရောင်းချသည့် လုပ်ငန်းများ၏ အုပ်စုဖြစ်သည်။ တိုင်းပြည်စာရင်းစနစ် (နိုင်ငံ၏စာရင်းစနစ်) အရ လုပ်ငန်းစုတစ်ခုတွင် တူညီသော လုပ်ဆောင်ချက် အမျိုးအစားများလုပ်ဆောင်သည့် အလုပ်ဌာနများ၏အုပ်စုတစ်ခုပါဝင်သည်။ | 1. Barthwal, R. R. (2012), Industrial Economics: An Introductory Textbook, New Age International Publishers, p – 43 |
| 35 | Infant Mortality Rate<br>ကလေးသေနှုန်း | The number of deaths under one year of age per 1,000 live births during a specified period.<br>သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း အရှင်မွေးကလေး ၁၀၀၀ တွင် အသက်တစ်နှစ်အောက် သေဆုံးသူဦးရေ။ | Department of Population (2016), The 2014 Myanmar Population and Housing Census: Thematic Report on Maternal Mortality, Ministry of Immigration and Population, Myanmar. |
| 36 | Internal Consistency<br>အတွင်းတစ်သမတ်တည်းရှိမှု | The extent to which items within a test measure some characteristic consistently.<br>စမ်းသပ်ချက်တစ်ခုအတွင်းရှိ အမျိုးအမယ်များသည် တစ်စုံတစ်ခုသောလက္ခဏာရပ်ကို တစ်သမတ်တည်း တိုင်းတာသည့် အတိုင်းအဆ | Girden, E.R. (2001), Evaluating Research Articles, Second Edition, Sages Publications. |
| 37 | Internal Validity<br>အတွင်းညီညွတ်မှု | The extent to which justifiable conclusions can be drawn from the results of a study.<br>ညှိနှိုင်းနိုင်သော ကောက်ချက်များကို လေ့လာမှုတစ်ခု၏ ရလဒ်များမှ ဆွဲထုတ်ယူနိုင်သော အတိုင်းအဆ | Girden, E.R. (2001), Evaluating Research Articles, Second Edition, Sages Publications. |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 38 | Labour Force<br>လုပ်သားအင်အား | The labour force is defined as the number of people who are employed plus the unemployed who are looking for work.<br>အလုပ်လုပ်သူဦးရေအရေအတွက်နှင့် အလုပ်ရှာဖွေနေသူအလုပ်လက်မဲ့ဦးရေအရေအတွက်တို့ပေါင်းခြင်းကိုလုပ်သား အင်အားဟုအဓိပ္ပါယ်ဖွင့်ဆိုသည်။ | https://data.oecd.org |
| 39 | Life Expectancy at Birth<br>မျှော်မှန်းသက်တမ်း | The average number of years that a newborn baby is expected to live if the mortality conditions of the year corresponding to the life table remain constant.<br>သက်တမ်းဇယားအရသေဆုံးမှုအခြေအနေများသည်မပြောင်းလဲလျှင်အသစ်မွေးဖွားလာသောကလေး၏အသက်ရှင် သန်ရန်မျှော်မှန်းထားသောပျမ်းမျှအသက်နှစ်ပေါင်း | Department of Population (2016), The 2014 Myanmar Population and Housing Census: Thematic Report on Maternal Mortality, Ministry of Immigration and Population, Myanmar. |
| 40 | Life Table<br>သက်တမ်းဇယား | A life table is a record of the number of survivors and number of deaths at consecutive time periods in a given set of individuals born at the same time and followed from birth to death.<br>သက်တမ်းဇယားဆိုသည်မှာ တူညီသောအချိန်၌ မွေးဖွားလာသော တစ်ဦးချင်းစီသည် မွေးဖွားသည်မှ သေဆုံးသည်အထိ ဆက်တိုက်ဖြစ်နေသော အချိန်ကာလများ၌ အသက်ရှင်သူနှင့် သေဆုံးသူဦးရေတို့၏ မှတ်တမ်းတစ်ခုဖြစ်သည်။ | Dunn, O.J. (1977), Basic statistics: A primer for the Biomedical Sciences, Second Edition, John Wiley & Sons. |
| 41 | Literacy<br>စာတတ်မြောက်မှု | The ability to read and write in any language with reasonable understanding.<br>စာတတ်မြောက်မှုကို သာမာန်စာပိုဒ်တစ်ပိုဒ်အား အလွယ်တကူ ဖတ်ရှုနားလည်နိုင်ပြီး ရိုးရိုးသင်္ချာပုစ္ဆာများကို ဖြေရှင်းနိုင်သူ သို့မဟုတ် ဒုတိယတန်းအထိ သင်ယူတတ်မြောက်သူများကို ရည်ညွှန်းပြီး အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ | 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar, p. 260. |
| 42 | Live Birth<br>အရှင်မွေးကလေး | A live birth is one where the infant shows one or more of the following signs of life immediately after birth: crying or similar sounds, movement of the limbs or any other parts of the body and /or any other tangible signs of life.<br>ကလေးငယ်မိခင်ဝမ်းမှကျွတ်ချိန်တွင်ငိုခြင်း၊အသံပြုခြင်း၊ခြေလက်များလှုပ်ရှားခြင်း၊စသည့်အသက်ရှင်သန်မှုသင်္ကေတ တစ်ခုခုပြုလုပ်သူကိုဆိုလိုပါသည်။ | Department of Population (2015), The 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar |
| 43 | Male Ageing Index<br>အမျိုးသား သက်ကြီးရွယ်အို အညွှန်းကိန်း | Ratio of the number of males aged 65 years and above to the number of young persons aged under 15 years.<br>အသက် ၆၅ နှစ်နှင့်အထက် အမျိုးသားဦးရေနှင့် အသက် ၁၅ နှစ်အောက် လူဦးရေအချိုး | Preedy, V.R., Watson, R.R. (2010) Handbook of Disease Burdens and Quality of Life Measures, p. 4140. |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 44 | Male Dependency Ratio<br>အမျိုးသား မှီခိုမှု အချိုး | The ratio of the non-working age male population to total working age population.<br>$\text{Dependency Ratio} = \frac{\text{Male Population Age (0 to 14) + 65 and over years}}{\text{Total Population Aged (15 - 64) years}} \times 100$<br>အလုပ်မလုပ်သော အသက်အရွယ်ရှိအမျိုးသားလူဦးရေနှင့် အလုပ်လုပ်သော အသက်အရွယ်ရှိ စုစုပေါင်း လူဦးရေအချိုး<br>$\text{အမျိုးသားမှီခိုမှုအချိုး} = \frac{\text{အသက် ၁၄ နှစ်နှင့်အောက်အမျိုးသားလူဦးရေ + အသက် ၆၅ နှစ်နှင့်အထက် အမျိုးသားဦးရေ}}{\text{အသက် ၁၅ နှစ်မှ ၆၄ နှစ်အထိ စုစုပေါင်းလူဦးရေ}} \times \text{၁၀၀}$ | |
| 45 | Marital Status<br>အိမ်ထောင်ရေး အခြေအနေ | Status of the person in relation to the institution of marriage.<br>လူတစ်ဦးချင်းစီ၏ အိမ်ထောင်ရေး အခြေအနေဖြစ်ပါသည်။ | Department of Population (2015), The 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar. |
| 46 | Maternal Death<br>ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှု | Maternal death is the death of a woman while pregnant or within 42 days of the termination of her pregnancy, irrespective of the duration and the site of pregnancy, from any cause related to or aggravated by the pregnancy or its management but not from accidental or incidental causes.<br>ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုသည် ကိုယ်ဝန်ဆောင်နေစဉ်အတွင်း သတ်မှတ်ထားသော ရက်မစေ့ခင် သို့မဟုတ် သူမ၏ကိုယ်ဝန်ဆောင်ပြီး (၄၂) ရက်အတွင်း ကိုယ်ဝန်ဆောင်သည့် အချိန်အပိုင်းအခြားနှင့် နေရာနှင့် မသက်ဆိုင်ဘဲ ကိုယ်ဝန်ဆောင်မှု သို့မဟုတ် ကိုယ်ဝန်ဆောင် စီမံခန့်ခွဲမှုနှင့် ဆက်စပ်သော သို့မဟုတ် ပိုမိုဆိုးဝါးမှုကို ဖြစ်စေသော အကြောင်းရင်းကြောင့် သေဆုံးမှုကို ဆိုလိုသည်။ မတော်မဆ ထိခိုက်ဒါဏ်ရာရမှု သို့မဟုတ် မတော်တဆဖြစ်ပွါးမှုတို့ကြောင့် သေဆုံးမှုမပါဝင်ပါ။ | https://who.int |
| 47 | Maternal Mortality Rate<br>ကိုယ်ဝန်ဆောင်မိခင် သေဆုံးမှုနှုန်း | The number of maternal deaths divided by the number of women aged 15-49 years multiplied by 1,000.<br>ကိုယ်ဝန်ဆောင် မိခင်သေဆုံးမှု အရေအတွက်ကို အသက်၁၅နှစ်မှ ၄၉နှစ်အတွင်းရှိ အမျိုးသမီးအရေအတွက်ဖြင့် စားပြီး၁၀၀၀နှင့်မြှောက်ထားသော ရလဒ်ဖြစ်သည်။ | https://who.int |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 48 | Maternal Mortality Ratio<br>ကိုယ်ဝန်ဆောင် မိခင်သေဆုံးမှုအချိုး | The number of maternal deaths divided by the number of live births, multiplied by 100,000.<br>ကိုယ်ဝန်ဆောင် မိခင်သေဆုံးသူ အရေအတွက်ကို အရှင်မွေးအရေအတွက်ဖြင့် စားပြီး ၁၀၀,၀၀၀ ဖြင့် မြှောက်ထားခြင်း။ | Department of Population (2016), The 2014 Myanmar Population and Housing Census: Thematic Report on Maternal Mortality, Ministry of Immigration and Population, |
| 49 | Mean<br>သမတ်ကိန်း (ပျှမ်းမျှခြင်း) | The mean is the simple average. To calculate the mean, the value of each observation is added together to find the total and this total is divided by the number of observations.<br>သမတ်ကိန်းဆိုသည်မှာ ရိုးရိုးပျှမ်းခြင်းဖြစ်သည်။ သမတ်ကိန်းကိုတွက်ချက်ရန်တွေ့ရှိချက်တစ်ခုစီ၏ တန်ဖိုးကိုစုပေါင်းပြီး ယင်းစုစုပေါင်းကို တွေ့ရှိချက်အရေအတွက်ဖြင့် စားသည်။ | https://www.stat.berkeley.edu |
| 50 | Median<br>တစ်ဝက်ကိန်း | The median is the value in the middle when observations have been arranged in either ascending or descending order.<br>တွေ့ရှိချက်များကို ငယ်စဉ်ကြီးလိုက်သို့မဟုတ် ကြီးစဉ်ငယ်လိုက်စီစဉ်ပြီး အလယ်ရှိတန်းဖိုးသည် တစ်ဝက်ကိန်းဖြစ်သည် | https://ec.europa.eu |
| 51 | Meta Data<br>ဇာစ်မြစ်လွှမ်းခြုံ အချက်အလက်များ (အချက်အလက်များဆိုင်ရာ သတင်းအချက်အလက်) | Meta data is the information about the data. Meta data typically contains information about how, when, and where (and possibly why) the data were collected, who each case represents, and the definitions of all the variables.<br>ဇာစ်မြစ်လွှမ်းခြုံ အချက်အလက်များသည် အချက်အလက်များဆိုင်ရာ သတင်းအချက်အလက် ဖြစ်သည်။ ပုံမှန်အားဖြင့် အချက်အလက်များကို မည်ကဲ့သို့၊ မည်သည့်အချိန်၊ မည်သည့်နေရာ၊ (နှင့်ဖြစ်နိုင်ပါကမည်သည့် အကြောင်းကြောင့်) ကောက်ယူခဲ့မှု၊ အခြေအနေတစ်ခုစီကို တင်ပြမှုနှင့် ကိန်းရှင်များအားလုံး၏ အဓိပ္ပါယ် သတ်မှတ်ချက်များဆိုင်ရာ သတင်း အချက်အလက်များပါဝင်သည်။ | Sharp, N.R., R.D. De Veaux, and P.F. Velleman (2012), Business Statistics, Second Edition, Addison Wesley, p.10. |
| 52 | Mode<br>ကြိမ်များကိန်း | The mode of a set of values that value which occurs most frequently.<br>တန်ဖိုးအစုတစ်ခု၏ ကြိမ်များကိန်းသည် အကြိမ်အရေအတွက် အများဆုံးဖြစ်ပေါ်သည့်တန်ဖိုး | https://www.stat.berkeley.edu |
| 53 | Net Margin<br>အသားတင်အစွန်းထွက် | Net margin is the residual earnings left after all expenses have been deducted from revenues.<br>ရငွေများမှ အသုံးစရိတ်များ အားလုံးနှုတ်ပြီးနောက် ကျန်ရှိသောရငွေ | https://www.accountingtools.com |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 54 | Old Age Dependency Ratio<br>သက်ကြီးရွယ်အိုမှီခိုမှုအချိုး | The old dependency ratio is the ratio of the child population (people older than 64) to the working-age population of (age 15-64).<br>သက်ကြီးရွယ်အိုမှီခိုမှုအချိုးသည် အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အသက် ၁၅ နှစ် မှ အသက် ၆၄ နှစ်အထိဦးရေ (၁၀၀) ပေါ်တွင်မှီခိုနေသည့် သက်ကြီးရွယ်အို ဦးရေ (အသက် ၆၄ နှစ်အထက်)တို့၏ အချိုးဖြစ်သည်။ | 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar, p. 262. |
| 55 | Outlier<br>အစွန်းရောက်တန်ဖိုး | Extreme score  which are more than two standard deviations above or below the mean.<br>သမတ်ကိန်း (ပျမ်းမျှခြင်း) အထက် သို့မဟုတ် အောက် စံတိမ်းချက်၏ နှစ်ဆထက် ပိုသောအစွန်းရောက်အမှတ် | Urdan, T. C. (2010), Statistics in Plain English, Routledge, Third Edition, p.18 |
| 56 | Own Account Worker<br>ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ | Self-employed persons who worked in their own business or worked in their own/family business for family gain and did not have any employees.<br>ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း(သို့မဟုတ်) မိသားစုစီးပွားရေးလုပ်ငန်းတွင် မည်သည့်အလုပ်သမားကိုမျှ ခန့်ထားခြင်းမရှိဘဲ ကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်သူ။ | Department of Population (2015), The 2014 Myanmar Population and Housing Census:  Census Report, Ministry of Immigration and Population, Myanmar. |
| 57 | Population Size<br>လူဦးရေအရွယ် | Mid-year  population<br>နှစ်လယ်ရှိလူဦးရေ | Wilson, C. (eds) (1985), The Dictionary of Demography, Roland Press at, France, p.144 |
| 58 | Population Growth Rate<br>လူဦးရေ တိုးတက်မှုနှုန်း | The population growth rate is the rate at which the population size has increased or decreased within a period of time.<br>Population Growth Rate = $(t\sqrt{\frac{P_t}{P_0}} - 1) \times 100$ t = number of years<br>လူဦးရေတိုးတက်နှုန်းသည် အချိန်ကာလတစ်ခုအတွင်း လူဦးရေ အရွယ် တိုးခြင်းလျော့ခြင်းနှုန်းကို ဆိုလိုသည်။<br>လူဦးရေ တိုးတက်မှုနှုန်း = $(t\sqrt{\frac{\text{နှစ် t ရှိ လူဦးရေ}}{\text{ကနဦး လူဦးရေ}}} - ၁) \times ၁၀၀$ | |
| 59 | Population Parameter<br>ဦးရေညွှန်ကိန်း | A summary measure that describes a characteristic of a statistical population.<br>စာရင်းအင်းဆိုင်ရာဦးရေတစ်ခုရှိလက္ခဏာရပ်ကိုဖော်ပြသောအနှစ်ချုပ် အတိုင်းအတာ | Lavrakas, P.J. (2008) Encyclopedia of Survey Research Methods. |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 60 | Population Variance<br>ဦးရေ ကွဲလွဲချက် | The variance calculated from a statistical population.<br>စာရင်းအင်းဆိုင်ရာဦးရေတစ်ခုမှတွက်ချက်သော ဦးရေကွဲလွဲချက်<br>$\sigma^2 = \frac{\sum_{i=1}^{N}(x_1 - \mu)^2}{N}$<br>where $x_i$ = $i^{th}$ value of x, μ = population mean value,<br>N = number of observations in the population<br>ဤတွင် $x_i$ = i အကြိမ်မြောက် x တန်ဖိုး၊ μ = ဦးရေသမတ်ကိန်း<br>N = ဦးရေရှိတွေ့ရှိချက်အရေအတွက် | https://statisticshowto.<br>datasciencecentral.com |
| 61 | Primary Data<br>မူလအချက်အလက်များ | Data the researcher collects to address the specific problem at hand- the research question.<br>သုတေသနပြုလုပ်သူ၏လက်ဝယ်ရှိပြဿနာကို မိတ်ဆက်ရန် သို့မဟုတ် စုဆောင်း ကောက်ယူသော အချက်အလက်များ | Cooper, D. C. and P. S. Schindler (2006), Business Research Methods, McGraw-Hill, Ninth Edition, p. 715 |
| 62 | Primary Sources<br>မူလဇာစ်မြစ်များ | Original works of research or raw data without interpretation or pronouncements that represent an official opinion or position ; include memos, letters, complete interviews or speeches, laws, regulations, court decisions, most government data, including census, economic, and labour data; the most authoritative of all sources.<br>တရားဝင်ထင်မြင်ချက် သို့မဟုတ် အနေအထားတစ်ခုကို ဖော်ပြသောသုံးသပ်ချက် သို့မဟုတ် ထုတ်ပြန်ချက်များ၊ မရှိသေးသောသုတေသန၏မူရင်းလုပ်ငန်းများ သို့မဟုတ် အချက်အလက်ကြမ်းကိုဆိုလိုသည်။ မှတ်စုမှတ်တမ်း၊ စာများ၊ ပြည့်စုံသောတွေ့ဆုံမေးမြန်းမှုများ သို့မဟုတ် မိန့်ခွန်းများ၊ ဥပဒေများ၊ စည်းမျဉ်းများ၊ တရားရုံး ဆုံးဖြတ်ချက်များ၊ သန်းခေါင်စာရင်းဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် လုပ်သားဆိုင်ရာအချက်အလက်များ ပါဝင်သော အစိုးရအချက်အလက်များ ဖြစ်ကြသည်။ ဇာစ်မြစ်အားလုံး၏ အများဆုံးသြဇာသက်ရောက်မှုရှိသည်။ | Cooper, D. C. and P. S. Schindler (2006), Business Research Methods, McGraw-Hill, Ninth Edition, p. 715 |
| 63 | Project<br>လုပ်ငန်းစီမံချက် | Scheme to create or expand a facility of a service at a given time and place.<br>ပံ့ပိုးမှုတစ်ခု သို့မဟုတ် ဂန်ဆောင်မှုတစ်ခုကို သတ်မှတ်ထားသော အချိန်နှင့်နေရာ၌ ဖန်တီးရန် သို့မဟုတ် တိုးချဲ့ရန် အစီအစဉ် | Sang ,H-K, Project Evaluation : Techniques and Practices for Developing Countries, Avebury, p.1 |
| 64 | Qualitative Variable<br>အရည်အသွေးပြကိန်းရှင် | A variable whose observations are descriptive.<br>တွေ့ရှိချက်များကို ဖော်ပြချက်ဖြင့်ပြဆိုသော ကိန်းရှင် | https://www.stat.berkeley.edu |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 65 | Quantitative Variable<br>အရေအတွက်ပြကိန်းရှင် | A variable whose observations are numerical.<br>တွေ့ရှိချက်များကို ကိန်းဂဏန်း များဖြင့်ပြဆိုသော ကိန်းရှင် | https://www.stat.berkeley.edu |
| 66 | Range<br>တာ | Difference between the largest value and the smallest value in a data set.<br>အချက်အလက်များ၏ အစုတစ်ခုတွင် အကြီးဆုံးတန်ဖိုးနှင့် အငယ်ဆုံးတန်ဖိုးတို့၏ခြားနားချက် | https://www.stat.berkeley.edu |
| 67 | Raw Data<br>အချက်အလက်ကြမ်းများ | Collected data in unorganized original form.<br>မစုစည်းရသေးသော မူလပုံစံဖြင့်ရှိသည့် စုဆောင်းရရှိသော အချက်အလက်များ | https://statista.com |
| 68 | Reliability<br>ကိုးစားနိုင်မှု | The degree to which a measure yields consistent results.<br>အတိုင်းအတာတစ်ခုက တစ်သမတ်တည်းရှိသည့် ရလဒ်များပေးသောအတိုင်းအဆ | Adler, E.S. and Clark, R. (2008), How It's Done: An Invitation to Social Research, Third Edition, Thomson Wadsworth. |
| 69 | Rural area<br>ကျေးလက်ဒေသ | Areas classified by the General Administration Department (GAD) as village tracts. Generally, these are areas with low population density and a land use which is predominantly agricultural.<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသောကျေးရွာ အုပ်စုများကို ဆိုလိုပါသည်။ ယေဘုယျအားဖြင့် ယင်းဒေသများသည် လူဦးရေသိပ်သည်းဆ နည်းသောဒေသများဖြစ်ကြောင်း မြေဧရိယာများတွင် စိုက်ပျိုးရေး လုပ်ငန်းများကို အဓိကလုပ်ကိုင်ကြသည်။ | Department of Population (2015), |
| 70 | Rural Development Index<br>ကျေးလက် ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း | Development index for rural areas. (Development index has been defined in [16].)<br>ကျေးလက်ဒေသအတွက် ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း(ဖွံ့ဖြိုးတိုးတက်မှုအညွှန်းကိန်းကိုအမှတ်စဉ် [၁၆] တွင် အဓိပ္ပါယ်ဖွင့်ဆိုပြီးဖြစ်ပါသည်။) | This is a tool developed by The Asia Foundation Myanmar based on the Oxford/UNDP established methodologies. |
| 71 | Sample<br>နမူနာ | A sample is a portion of the statistical population under study.<br>နမူနာသည် လေ့လာနေသောစာရင်းအင်းဆိုင်ရာဦးရေ၏အစိတ်အပိုင်းတစ်ခုဖြစ်သည်။ | https://www.stat.berkeley.edu |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 72 | Sample Statistic<br>နမူနာ စစ်ဆေးကိန်း | A summary measure computed from sample data that is used to describe or estimate a characteristic of the entire population.<br>ဦးရေတစ်ခုလုံးရှိ လက္ခဏာ ရပ်တစ်ခုကိုဖော်ပြရန် သို့မဟုတ် ခန့်မှန်းရန် နမူနာအချက်အလက် များမှတွက်ချက်သော အနှစ်ချုပ်အတိုင်းအတာ | https://statisticshowto.<br>datasciencecentral.com |
| 73 | Sample Variance<br>နမူနာ ကွဲလွဲချက် | The variance calculated from a sample<br>နမူနာတစ်ခုမှတွက်ချက်သည့်ကွဲလွဲချက်<br>$$s^2 = \frac{\sum_{i=1}^{n}(x_1 - \bar{x})^2}{n-1}$$<br>where x_(i ) = i^th value of x, $\bar{x}$ = mean value, n = number of observations in a sample<br>ဤတွင် $x_i$ = i အကြိမ်မြောက် x တန်ဖိုး၊ $\bar{x}$ = သမတ်ကိန်းတန်ဖိုး၊ n = နမူနာမှတွေ့ရှိချက်အရေအတွက် | https://www.stat.berkeley.edu |
| 74 | School Attendance<br>ကျောင်းတက်ရောက်မှု | School attendance between 5 and 17 year-olds measured as the attendance at any regular educational institution or systematic instruction at any level of education. This includes schooling at pre-primary, primary, middle, high school and tertiary institutions of higher learning.<br>အသက်၅နှစ်နှင့် အသက်၁၇နှစ်အတွင်း အတန်းပညာ အဆင့်ဆင့် သင်ကြားနိုင်ရန် ပုံမှန်ဖွင့်လှစ်ထားသော တရားဝင်အသိအမှတ်ပြု စာသင်ကျောင်းများ (သို့မဟုတ်) ပညာရေး အစီအစဉ်များတွင် ပညာသင်ကြားနေသော သူများကို ဆိုလိုသည်။ အဆိုပါကျောင်းနေမှုအခြေအနေတွင် မူလတန်းကြို၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းနှင့် တက္ကသိုလ်အဆင့် တက်ရောက်နေသူများ အားလုံးပါဝင်သည်။ | Department of Population (2015), The 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar, p. 114. |
| 75 | Secondary Data<br>ဒုတိယအဆင့်<br>အချက်အလက်များ | Results of studies done by others and for difference purposes than the one for which the data are being reviewed.<br>အခြားသူများက ပြုလုပ်သော လေ့လာချက်များ၊ အချက်အလက်များကို ပြန်လည်သုံးသပ်သော ရည်ရွယ်ချက်နှင့် ကွဲပြားခြားနားသည့် ရည်ရွယ်ချက်များအတွက် ပြုလုပ်သော လေ့လာချက်များ၏ ရလဒ်များ | Cooper, D. C. and P. S. Schindler (2006), Business Research Methods, McGraw-Hill, Ninth Edition, p. 717 |
| 76 | Secondary Sources<br>ဒုတိယအဆင့် ဇာစ်မြစ်များ | Interpretations of primary data generally without new research.<br>သုတေသနအသစ်မပြုလုပ်ဘဲ ယေဘုယျအားဖြင့် မူလအချက်အလက်များကို<br>သုံးသပ်ချက်များ | Cooper, D. C. and P. S. Schindler (2006), Business Research Methods, McGraw-Hill, Ninth Edition, p. 717 |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 77 | Sex Ratio<br>ကျား/မ အချိုး | The number of males for every 100 females in a population.<br>လူဦးရေတစ်ခု၌ အမျိုးသမီး ၁၀၀ တွင်ရှိသည့် အမျိုးသားဦးရေကို ဆိုလိုပါသည်။ | Department of Population (2015), The 2014 Myanmar Population and Housing Census, Census Report Vol.3, Ministry of Immigration and Population, Myanmar p.113 |
| 78 | Standard Deviation<br>စံတိမ်းချက် | A statistic that measures the difference between the average and the outliers in a set of data. It is calculated as the square root of the variance.<br>Standard Deviation = √ Variance<br>အချက်အလက်များ၏ အစုတစ်ခုတွင် ပျှမ်းမျှခြင်းနှင့် အစွန်းရောက်တန်ဖိုးများအကြား ခြားနားချက်ကိုတိုင်းတာသော စစ်ဆေးကိန်းတစ်ခုဖြစ်သည်။ ယင်းကိုကွဲလွဲချက်၏ နှစ်ထပ်ကိန်းအဖြစ်တွက်ချက်သည်။<br>စံတိမ်းချက် = √ကွဲလွဲချက် | https://statista.com |
| 79 | Standard Error<br>စံမှားယွင်းချက် | The standard error of any statistical value is a measure, on certain simple assumptions, of the variability that that value would show in taking repeated samples from the universe of observations.<br>စာရင်းအင်းဆိုင်ရာ တန်ဖိုးတစ်ခုခု၏ စံမှားယွင်းချက်သည် ရိုးရှင်းသော ယူဆချက်များ၏ အရတွေ့ရှိချက်အားလုံးမှ နမူနာထပ်တလဲလဲ ကောက်ခြင်းဖြင့် ပြောင်းလဲမှု၏ အတိုင်းအတာတစ်ခုဖြစ်သည်။ | https://www.stat.berkeley.edu |
| 80 | Standard Error of the Mean<br>သမတ်ကိန်း၏စံမှားယွင်းချက် | The standard deviation of the observations divided by the square root of the number of observations.<br>တွေ့ရှိချက်များ၏ စံတိမ်းချက်ကို တွေ့ရှိချက်အရေအတွက်၏ နှစ်ထပ်ကိန်းရင်းဖြင့် စားသောကိန်း | https://onlinestatbook.com |
| 81 | Standard Error of a Percentage<br>ရာခိုင်နှုန်းတစ်ခု၏<br>စံမှားယွင်းချက် | Standard Error of p =√(pq/n)  where p is the percentage in the sample having the characteristic under study, q is the percentage not having the characteristic, and n is the number of observations.<br>p ၏စံမှားယွင်းချက်=√(pq/n) ဤတွင် p သည် လေ့လာနေသော လက္ခဏာရပ်၏နမူနာတွင်ပါဝင်သည့်ရာခိုင်နှုန်း၊ q သည် လေ့လာနေသော လက္ခဏာရပ်၏ နမူနာတွင် မပါဝင်သည့်ရာခိုင်နှုန်း၊ n သည် တွေ့ရှိချက် အရေအတွက် | Hill, A.B. (1948), Principles of Medical Statistics, The Lancet Ltd. |
| 82 | Statistical Population<br>စာရင်းအင်းဆိုင်ရာ ဦးရေ | A statistical population is the totality or complete set of observations about which inferences are to be made.<br>စာရင်းအင်းဆိုင်ရာ ဦးရေတစ်ခုသည် ကောက်ချက်များ လုပ်ရန်အတွက် တွေ့ရှိချက် စုစုပေါင်း သို့မဟုတ် တွေ့ရှိချက် အပြည့်အစုကို ဆိုလိုသည်။ | https://stats.oecd.org |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 83 | Structure<br>အဆောက်အအုံ | A structure is a building used for the purposes of residential, business, religious or any other activity. A structure can contain one or several housing units.<br>အဆောက်အအုံဆိုသည်မှာ လူနေထိုင်ရန်၊ စီးပွားရေး၊ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် အသုံးပြုသော အဆောက်အဦတစ်ခု ဖြစ်ပါသည်။ အဆောက်အအုံတစ်ခုတွင် လူနေအိမ်တစ်ခု (သို့မဟုတ်) တစ်ခုထက်ပို၍ ရှိနိုင်ပါသည်။ | Department of Population (2015), The 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar. |
| 84 | Student - Teacher Ratio<br>ကျောင်းသားဆရာ အချိုး | Number of students per teacher.<br>Student - Teacher Ratio = $\frac{\text{Number of students enrolled}}{\text{Number of Teachers Taught}}$<br>ကျောင်းသားဆရာအချိုး = $\frac{\text{သင်ယူနေသော ကျောင်းသားဦးရေ}}{\text{သင်ကြားပို့ချနေသော ဆရာဦးရေ}}$ | အခြေခံပညာကဏ္ဍ ပညာရေး ကြီးကြပ်ကွပ်ကဲရန် အညွှန်းကိန်းများ၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ |
| 85 | Target<br>ရည်မှန်း သတ်မှတ်ချက် | Specification of planned number of units to be produced within a time period.<br>သတ်မှတ်ထားသော အချိန်ကာလအတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းပမာဏဖော်ပြချက် | Ministry of Education (2018), Glossary of Monitoring and Evaluation (M&E) Terms, Australian Aid |
| 86 | Tertiary Sources<br>တတိယအဆင့် ဇာစ်မြစ်များ | Aids to discover primary or secondary sources, such as indexes, bibliographies, and Internet search engines; also may be an interpretation of a secondary source<br>မူလ သို့မဟုတ် ဒုတိယဆင့်ဇာစ်မြစ်များကို ရှာဖွေရန်အညွှန်းကိန်းများ၊ ကျမ်းကိုးစာရင်းများနှင့် အင်တာနက် ရှာဖွေသော စက်များကဲ့သို့သော အထောက်အကူများ။ ဒုတိယဆင့် ဇာစ်မြစ်တစ်ခုကို သုံးသပ်ချက် တစ်ခုလည်းဖြစ်နိုင်သည်။ | Cooper, D. C. and P. S. Schindler (2006), Business Research Methods, McGraw-Hill, Ninth Edition, p. 719 |
| 87 | Time-Series Data<br>အချိန်ကိန်းစဉ် အချက်အလက်များ | Data which describe the movement of a variable over time. (Sequentially in time).<br>အချိန်ကာလတစ်လျှောက် ကိန်းရှင်တစ်ခု၏ လှုပ်ရှားမှု အပြောင်းအလဲကို ဖော်ပြသော အချက်အလက်များ | Pindyck, R.S. and D.L. Rubinfeld (1981), Econometric Models and Economic Forecasts, McGraw-Hill, p.3 |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 88 | Total Infant fertility rate<br>စုစုပေါင်း ကလေးမွေးနှုန်း | The average number of children that a woman would give birth to if all women lived to the end of their childbearing years and bore children according to the current schedule of age specific fertility rates.<br>အမျိုးသမီးတစ်ယောက် မွေးဖွားနိုင်သည့် ပျမ်းမျှကလေးအရေအတွက် (အမျိုးသမီးအားလုံး ကလေးမွေးဖွားနိုင်သည့် အသက်အပိုင်းအခြား ပြီးဆုံးသည်အထိ အသက်ရှင်ပြီး လက်ရှိမွေးနှုန်းအတိုင်း မွေးမည်ဆိုပါက) ကိုဆိုလိုသည်။ | 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar |
| 89 | Township Development Index<br>မြို့နယ် ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း | Development index at the township level. (Development index has been defined in [16]).<br>မြို့နယ်အဆင့် ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း (ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းကို အမှတ်စဉ် [၁၆] တွင် အဓိပ္ပါယ်ဖွင့်ဆိုပြီးဖြစ်ပါသည်။) | This is a tool developed by The Asia Foundation Myanmar based on the Oxford/UNDP established methodologies. |
| 90 | Under-Five Mortality Rate<br>အသက်ငါးနှစ်အောက် ကလေးသေနှုန်း | The probability (expressed as a rate per 1,000 live births) of a child born in a specified year dying before reaching the age of five if subject to current age specific mortality rates.<br>လက်ရှိ အသက်အလိုက် သေနှုန်းများအရ နှစ်တစ်နှစ်အတွင်း မွေးဖွားလာသော ကလေးတစ်ယောက်သည် အသက်ငါးနှစ်မတိုင်မီ သေဆုံးရန်ဖြစ်တန်စွမ်း (အရှင်မွေး ၁, ၀၀၀ တွင်ရှိသော နှုန်းဖြင့်ဖော်ပြသည်။) | https://who.int |
| 91 | Unemployment Rate<br>အလုပ်လက်မဲ့နှုန်း | Percentage of the total labour force on age between 15 and 64 year-old that is unemployed but actively seeking employment and willing to work. These are people who are without work, looking for jobs and available for work.<br>အသက် ၁၅ နှစ် နှင့် အသက် ၆၄ နှစ် အကြား လုပ်သားအင်အားနှင့် အဆိုပါအသက်အုပ်စုတွင် အလုပ်လုပ်ကိုင်နိုင်သူများဖြစ်သော်လည်း သတ်မှတ်ထားသော ကာလအတွင်း အလုပ်အကိုင်မရရှိသေးဘဲ အလုပ်ရှာနေသူ၊ အလုပ်လုပ်ရန် ဆန္ဒရှိသူတို့၏ ရာခိုင်နှုန်းကိုဆိုလိုသည်။ | 2014 Myanmar Population and Housing Census: Census Report, Ministry of Immigration and Population, Myanmar |
| 92 | Unimproved Sanitation<br>ဆိုးဝါးသော အညစ်အကြေး သန့်ရှင်းရေးစနစ် | Not improved sanitation (Improved sanitation has been defined in [32].)<br>ကောင်းမွန်သော အညစ်အကြေးသန့်ရှင်းရေး စနစ်မဟုတ်သော အညစ်အကြေးသန့်ရှင်းရေးစနစ် (ကောင်းမွန်သော အညစ်အကြေးသန့်ရှင်းရေး စနစ်ကိုအမှတ်စဉ် [၃၂] တွင် အဓိပ္ပါယ်ဖွင့်ဆိုပြီးဖြစ်ပါသည်။) | Ministry of National Planning and Economic Development (2007), Poverty Profile, Integrated Household Living Conditions Survey in Myanmar, Yangon, Myanmar, p.14. |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 93 | Unpaid family worker<br>မိသားစု လုပ်ငန်းတွင် လုပ်ကိုင်သူ | Persons who work in the business, farms, trade or professional enterprises operated by a member of the household/ family/ and received no pay.<br>မိသားစုဝင်တစ်ဦးဦး၏ စီးပွားရေးလုပ်ငန်း၊ စိုက်ပျိုးမွေးမြူရေး၊ ခြံလုပ်ငန်း၊ ကုန်ရောင်းကုန်ဝယ်လုပ်ငန်း (သို့မဟုတ်) အသက်မွေးဝမ်းကျောင်းလုပ်ငန်း တစ်ခုခုတွင် လုပ်အားခမရရှိဘဲ လုပ်ကိုင်သူ | https://stat.fi |
| 94 | Urban area<br>မြို့ပြ ဧရိယာ | Areas classified by the GAD as wards. Generally, these areas have an increased density of building structures, population and better infrastructural development.<br>အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ သတ်မှတ်ထားသော ရပ်ကွက်များ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုပါဒေသများတွင် အဆောက်အအုံနှင့် လူဦးရေထူထပ်ပြီး စက်မှုလုပ်ငန်းများဖွံ့ ဖြိုးတိုးတက်ရှိသည်။ | Department of Population (2015), |
| 95 | Urban Development Index<br>မြို့ပြ ဖွံ့ဖြိုးတိုးတက်မှု ညွှန်းကိန်း | Development index for urban areas. (Development index has been defined in [16].)<br>မြို့ပြအတွက် ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း (ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းကို အမှတ်စဉ် [၁၆] တွင် အဓိပ္ပါယ်ဖွင့်ဆိုပြီး ဖြစ်ပါသည်။) | This is a tool developed by The Asia Foundation Myanmar based on the Oxford/UNDP established methodologies. |
| 96 | Variable<br>ကိန်းရှင် | A characteristic with different possible outcomes.<br>ကွဲပြားခြားနားသည့် ဖြစ်နိုင်သမျှ ရလဒ်များရှိသော ဝိသေသလက္ခဏာ | https://www.stat.berkeley.edu |
| 97 | Variance<br>ကွဲလွဲချက် | A measure of dispersion defined as the sum of squared deviations around the mean divided by the number of observations.<br>ကွဲပြားမှုကို တိုင်းတာသည့် အတိုင်းအတာတစ်ခု။ သမတ်ကိန်းဝန်းကျင်ရှိ ခြားနားချက်စုစုပေါင်းကို တွေ့ရှိချက်အရေအတွက်ဖြင့်စားသည်။ | https://www.stat.berkeley.edu |
| 98 | Water improved<br>ရေကောင်းရေသန့် | Water from a source such as a household connection, public standpipe, borehole, protected well or spring, rainwater collection system.<br>အိမ်ထောင်စုတစ်ခု၏ ဆက်သွယ်မှု၊ အများပိုင် အိမ်ပြင်ခြံဝင်းအတွင်း စိုက်ထူထားသော မတ်တပ်ရေဘုံဘိုင်၊ အဝီစိတွင်း၊ ကာကွယ်ထားသော ရေတွင်း သို့မဟုတ် စမ်းချောင်း၊ မိုးရေစုဆောင် သိမ်းဆည်းထားသော စနစ်အရင်းအမြစ် တစ်ခုမှရရှိသည့်ရေ | ADB (2004), Development Indicators Reference Manual: Concepts and Definitions, p. 43 |

| Sr.No. | Term<br>ဝေါဟာရ | Definition<br>ရှင်းလင်းချက် | Reference (if any)<br>ကိုးကား (ရှိလျှင်) |
|---|---|---|---|
| 99 | Water unimproved<br>ရေ မသန့်ရှင်းမှု | Unimproved sources include vendors, tanker trucks, and unprotected wells and springs.<br>ပုံကျရေရောင်းချသူများ၊ ရေတင်ယာဉ်များ၊ အကာမဲ့ရေတွင်းများနှင့် စမ်းချောင်းများ အပါအဝင် မသန့်ရှင်းသော အရင်းအမြစ်များမှ ရရှိသည့်ရေ | ADB (2004), Development Indicators Reference Manual: Concepts and Definitions, p. 43 |

The Asia Foundation

Improving Lives, Expanding Opportunities